MINISTRY OF SCIENCE AND TECHNOLOGY

DEPARTMENT OF
TECHNICAL AND VOCATIONAL EDUCATION

# MA - 01011

# MYANMAR

A.G.T.I (First Year)

All Courses

# မြန်မာကဗျာ နှင့် မြန်မာစကားပြေ

# ရွေးချယ်ချက်

မြန်မာစာဌာန

# ပထမနှစ်ဝက် မာတိကာ




| အမှတ်စဉ် | ကဗျာအမည် | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | တောင်တွင်းရွှေပြည် | ရှင်မဟာသီလဝံသ | ၁ |
| ၂။ | ဂမ္ဘီသာရ | ရှင်မဟာရဋ္ဌသာရ | ၂ |
| ၃။ | ရွှေရုပ်သွင် | ရှင်တေဇောသာရ | ၃ |
| ၄။ | နှမလေး ဝေးကမျှော် | အမည်မသိ | ၃ |
| ၅။ | သြဝါဒထုး | စိန္တကျော်သူ ဦးဩ | ၄ |
| ၆။ | နှင်းစိတ်ဆောင်း | ဦးယာ | ၅ |
| ၇။ | မိန့်တော်စ | ဦးယာ | ၅ |
| ၈။ | လတန်ရှူး | ဦးကြင်ဥ | ၆ |
| ၉။ | ဗုံကြီးသည့် | လယ်ဝန်ဦးစိ | ၆ |
| ၁၀။ | တောင်ပုစာပျော်မငြိး | လှူဦးမင်း | ၇ |
| ၁၁။ | နွားဆယ်ခြံ့ရှင် | အမည်မသိ | ၇ |
| ၁၂။ | တူတူပုန်း | ဦးပုည | ၈ |
| ၁၃။ | သူ့ဂိုဏ်းသင့်မယ် | ဦးပုည | ၉ |
| ၁၄။ | ပန်းချီမနိုင် | အချုပ်တန်းဆရာဖေ | ၁၀ |
| ၁၅။ | မောင်ကြီးတို့ပျော်စံရာ | ဦးကြီး | ၁၁ |
| ၁၆။ | ကောင်းခြင်းငါးဖြာ | လယ်တီပဏ္ဍိတဦးမောင်ကြီး | ၁၂ |
| ၁၇။ | ဝံသာနုအထည်ဘွဲ့ | မောင်းထောင်ဦးကျော်လှ | ၁၃ |
| ၁၈။ | မညှိုးပန်းဧကန် | တက္ကသိုလ်မောင်သန့်စင် | ၁၅ |
| ၁၉။ | ရှေးခေတ်ပုဂံပြည် | ဇော်ဂျီ | ၁၆ |
| ၂၀။ | သာသည့်မြေသို့ | ငွေတာရီ | ၁၉ |

| အမှတ်စဉ် | စကားပြေအမည် (ယ) | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အမတ်ကြီးသိယ်သူ ၏ | အမတ်ကြီးသိယ်သူရ် | ၂၁ |
| ၂။ | သစ္စာနှင့်ပညာ | ရှင်မဟာသီလဝံသ | ၂၂ |
| ၃။ | သူရဲကောင်းလဂွန်းအိန် | ဝန်ကြီး ပဒေသရာဇာ | ၂၄ |
| ၄။ | သားကောင်း၊ သမီးကောင်း | ရှင်စန္ဒလင်္ကာ | ၂၆ |
| ၅။ | ဝေဿန္တရာ ဇာလီ ကဏှာဇိန် | ဦးသြဘာသ | ၂၈ |
| ၆။ | သြဝါဒ မေတ္တာစာ | ကျည်းကန်ရှင်ကြီး | ၃၂ |
| ၇။ | ဥတုခြောက်ပါး | ယောမြို့စားအတွင်းဝန်ဦးဖိုးလှိုင် | ၃၄ |
| ၈။ | နောင်ရိုးတိုက်ပွဲ | ရဟန်း၊ ပုဏ္ဏား၊ မှူးမတ်ပညာရှိများ | ၃၈ |
| ၉။ | တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး | မုံရွေးဆရာတော် | ၄၀ |
| ၁၀။ | ရှင်အာနန္ဒာ၏ ပယ်ဆု ပန်ဆု | ကျီးသဲလေးထပ်ဆရာတော် | ၄၁ |
| ၁၁။ | ဝတ်လုံတော်ရ မောင်သောင်းဘော | ဦးလတ် | ၄၅ |
| ၁၂။ | ကျောင်းသားများနှင့်အလုပ် | အမျိုးသားပညာဝန် ဦးဖိုးကျား | ၅၁ |
| ၁၃။ | ဝီရိယ | ရှင်ဇနကာဘိဝံသ | ၅၄ |
| ၁၄။ | နေရာဒေသအလျောက် ဝေါဟာရ ကွဲပြားပုံ | မှော်ဘီဆရာသိန်းကြီး | ၅၈ |
| ၁၅။ | ရှေးအဓိပ္ပာယ်နှင့် ယနေ့အဓိပ္ပာယ် | သိပ္ပံမောင်ဝ | ၆၂ |
| ၁၆။ | ဝါကျတို ဝါကျရှည် | သိပ္ပံမောင်ဝ | ၆၅ |
| ၁၇။ | ပတ္တမြားကျောက်စိမ်း | တက္ကသိုလ်မောင်သန့်စင် | ၆၈ |
| ၁၈။ | ထားဝယ်လုံချည် | မောင်ထင် | ၇၅ |
| ၁၉။ | ကောက်ရိုးနွယ် | ဇေယျ | ၈၀ |
| ၂၀။ | စာအုပ်စင်နှင့်ကျွန်တော် | ဇော်ဂျီ | ၈၂ |
| ၂၁။ | နိုင်ငံတော့်မျက်နှာ | တက္ကသိုလ်မောင်မောင်ကြီး | ၈၈ |
| ၂၂။ | လမ်းဖောက်ခြင်း | တိုက်စိုး | ၉၄ |

# ဒုတိယနှစ်ဝက် မာတိကာ


| အမှတ်စဉ် | ကဗျာအမည် | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | ရှင်ဥတ္တမကျော် တောလား | ရှင်ဥတ္တမကျော် | ၉၇ |
| ၂။ | နမလက်လျှော့ နေလေတော့ | ရှင်မဟာရဋ္ဌသာရ | ၉၈ |
| ၃။ | လောကသာရပျို့ | ကန်တော်မင်းကျောင်းဆရာတော် | ၉၉ |
| ၄။ | သားရွှေတောင် ဆုံးမစာ | ရတနာဘုံစံကျောင်း ကိုရင်ကြီး | ၁၀၁ |
| ၅။ | မေရုရာဇာ | ပန်ကြီး ပဒေသရာဇာ | ၁၀၄ |
| ၆။ | မနေပြုတွင် | စိန္တကျော်သူ ဦးဩ | ၁၀၅ |
| ၇။ | တိမ်ဆာကျယ် | ဦးယာ | ၁၀၆ |
| ၈။ | မှုန်တနွဲ့နွဲ့ | ဦးကြင်ဥ | ၁၀၆ |
| ၉။ | တောင်သူကြီးရုပ် | ဖိုးသူတော်ဦးမင်း | ၁၀၇ |
| ၁၀။ | လမင်းထက် နှစ်လေးသာ | ဖိုးသူတော်ဦးမင်း | ၁၀၇ |
| ၁၁။ | ခြင်းခြင်းတောက်လူ | အမည်မသိ ရှေးစာဆို | ၁၀၈ |
| ၁၂။ | ကောက်စိုက်သူ | လယ်ဝန်မင်း ဦးစိ | ၁၀၉ |
| ၁၃။ | ရွှေနောက်ဆံမယ် မတင်းရအောင် | မမြကလေး | ၁၁၀ |
| ၁၄။ | မှုန်းစီအိမ်ကျေး | ဦးပုည | ၁၁၁ |
| ၁၅။ | အလ္လာဝါကုန်ခြောက်လို့ | အချုပ်တန်း ဆရာဖေ | ၁၁၂ |
| ၁၆။ | စည်းစိမ်ရှင် | ဦးကြီး | ၁၁၂ |
| ၁၇။ | လှည်းယဉ်တော်ကြွကြွ | ဦးရာကျော် | ၁၁၄ |
| ၁၈။ | တို့တိုင်းပြည် | ဇော်ဂျီ | ၁၁၅ |
| ၁၉။ | သူ့မှာတမ်း | မင်းသုဝဏ် | ၁၁၆ |
| ၂၀။ | ပင်မရေစီး | ဒဂုန်တာရာ | ၁၁၇ |

| အမှတ်စဉ် | စကားပြေအမည် (စ) | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | ညောင်ရမ်းကြီးသမီး | ပုဂံကျောက်စာ | ၁၁၉ |
| ၂။ | အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည် | ရှင်မဟာသီလဝံသ | ၁၂၀ |
| ၃။ | ဓမ္မသတ်ကျမ်း၏ ဥပမာများ | ဓမ္မဝိလာသဓမ္မသတ် | ၁၂၄ |
| ၄။ | ဥစ္စာနံ့သောတရားကိုပြသော ပုံသက်သေ | ဓမ္မဝိလာသဓမ္မသတ် | ၁၂၈ |
| ၅။ | ရန်အောင်ကြောင်း | ရှင်ပညာသာမိ | ၁၃၂ |
| ၆။ | မေတ္တာအကျိုး ဆင်မထိုး | မဟာဓမ္မသင်္ကြံ | ၁၃၅ |
| ၇။ | သတိတရား | တောင်ဖီလာဆရာတော် | ၁၃၇ |
| ၈။ | နန္ဒိယမျောက်ညီနောင် | ကျပင်းဆရာတော် | ၁၄၁ |
| ၉။ | သူတော်ကောင်းတရားလေးပါး | ဦးသြဘာသ | ၁၄၅ |
| ၁၀။ | သူအိုမကြီး | ဦးပုည | ၁၅၀ |
| ၁၁။ | စရိုက်ညီထွေ ကျင့်တတ်စေ | ကျည်းကန်ရှင်ကြီး | ၁၅၃ |
| ၁၂။ | ဦးဆွေးဆံမြည့် | မှန်နန်းရာဇဝင် | ၁၅၅ |
| ၁၃။ | စကားကြီးဆယ်မျိုး | မှော်ဘီဆရာသိန်းကြီး | ၁၅၈ |
| ၁၄။ | မြန်မာဘာသာ၌ အသံပြောင်းပုံ | ဝဓိရဗုဒ္ဓိ ဦးဖိုးစိန် | ၁၆၉ |
| ၁၅။ | နလုံးလှ | ဦးဖိုးကျား | ၁၇၅ |
| ၁၆။ | အဝေးရောက်မင်း ဦးအောင်ကြီး | သိပ္ပံမောင်ဝ | ၁၇၈ |
| ၁၇။ | အဖေတို့အမေတို့ | ရွှေဥဒေါင်း | ၁၈၇ |
| ၁၈။ | မြင်းခင်းသဘင် | မြကေတု | ၂၀၁ |
| ၁၉။ | အမျိုးသားယဉ်ကျေးမှု | ပါမောက္ခဦးဖေမောင် | ၂၀၃ |
| ၂၀။ | စာဘူးတောင် | ဒဂုန်ဦးစန်းငွေ | ၂၁၇ |
| ၂၁။ | ဘုန်းကြီးကျောင်းသား | မန်းတင် | ၂၂၂ |

# မြန်မာကဗျာ နှင့် မြန်မာစကားပြေ
# ရွေးချယ်ချက်

(ပထမနှစ်ဝက်)

# ၁။ တောင်တွင်းရွှေပြည်

အချာပဝရ၊ ဌာနအောင်ချက်၊ ဘုမိနက်ဦ၊ နှိုင်းဘက်တုကင်း၊ ထောင်ပြုခြင်းဝယ်၊ တောင်တွင်းခေါ်မည်၊ တို့ရွှေပြည်မှု၊ ယဉ်ကြည်နက်ဆုံး၊ ကျုံးလည်းသိတာ၊ လပကြာနှင့်၊ သန္တာအတိ၊ စိ၏ဘိသို့၊ မြို့နှင့်တန်ဆောင်း၊ ရဲလောင်းရင်တား၊ တံခါးလေးသွယ်၊ ဖိုင်ဖိုင်ကာယ်၏၊ ခြောက်ဆယ်ယုမ်ပါ၊ နန်းတော်မှာလည်း၊ လယ်ချာမုန်ကင်း၊ မင်းလည်းဆွေစုံ၊ သိလထုံလျက်၊ မွေပုံခြောက်ရောင်၊ အင်းတောင် စည်းခုံ၊ ထူပါရုံက၊ စသည်ဗုဒ္ဓေါ၊ ကျော်စောဘုရား၊ ရေသော်များ၏၊ တရားသံယာ၊ ရတနာတိ၊ ပည်းမှုရှိသား၊ ဓာတိခေါင်တည်၊ သာမျိုးစည်သည်။ ။ နတ်ပြည်ဟူကမျှ လှည့်သော။

နရာပထမ၊ တည်သောစက၊ ဌာနသေဉ်မြေ၊ ချက်မြှုပ်နေ၍၊ ဝေးခေ့ရပ်ထူး၊ မရောက်ဖူးတည့်၊ ရွှယ်လူးခင်ညို၊ သွေးကြဉ်းဆိုသော်၊ သံချိုခင်ဦး၊ ပျံ့ပျူးသာယာ၊ ပြန်ပိမ့်နာလော့၊ ပုမာထုံးစံ၊ ကြောင်းဝေးလံစွ၊ ငှက်ပုံခေါင်းလောင်း၊ ရေကြောင်းရှာသွား၊ ယောကျ်ားလားသို့၊ ကြက်ကားတတွေး၊ ဒေါင်းတငေးမျှ၊ မဝေးကြဘူး၊ မြေခေါင်ကျူးသား၊ ရပ်ထူးစွန်နား၊ ကာစ်ပါးပြည်ရွှာ၊ ရှင်တို့မှာသို့၊ လိုက်လာစေကြောင်း၊ မသွေးကောင်းခဲ့၊ ရှိုးနှောင်းနေတည်၊ ဆက်စဉ်ရှည်သည်။ ။ မှတ်ရည်ယူမဆလှည့်သော။

အခါသမယ၊ ရောက်လာကလည်း၊ ဌာနဘုရား၊ ကျောင်းကန်သွားသော်၊ ဝတ်စားဆင်ယင်၊ ထမ်းစင်သန်လျင်း၊ စီးနင်းတစ်သွယ်၊ အံ့ဖွယ်ရိပ်စက်၊ ကျိုင်းချင်းယှက်မျှ၊ စဉ်ဆက်ဘေးဘိုး၊ ဆောင်ရိုးကုံကြွယ်၊ မိဘဝယ်လည်း၊ လိုမယ်မတ၊ ပြည့်စုံလှလျက်၊ ပြည်ပပြည်တွင်း၊ အချင်းမပ်သိမ်း၊ သူစိမ်းသူကျက်၊ စံဘက်နီးဝေး၊ အိမ်ဈေးသဘင်၊ စုံအင်ရှစ်မည်၊ မယ်ဒွိတည်လျှာ၊ မြရှည်ကျိုင်းထွား၊ ရွှေဝသားလျှင်၊ သနားတစ်ကိုယ်၊ တူပျော်လိုဟု၊ တွေးဆိုမဆ၊ မြင်ကာမျှကို၊ မိဘအုပ်ချုပ်၊ ကျွန်ုပ်ဘယ်မှာ၊ ရှင့်နောက်ပါအံ့၊ မေတ္တာမြဲချည်၊ သီလတည်သည်။ ။ ညွှက်ကြည်မြှုမရလှည့်သော။



ရှင်မဟာသီလဝံသ

# ၂။ ဂမ္ဘီသာရ

မနော်ဟရ၊ လူ့ဘုံကျသို့၊ မြင်ကတိမ်းညွတ်၊ သည်းအူပြတ်မျှ၊ ဆွတ်ဆွတ်ကြင်ဖွယ်၊
ဆင်းနိကာယ်ဖြင့်၊ တင့်တယ်ရုပ်သွင်၊ အထွတ်တင်သည်၊ ဖြစ်ကျင်ကစား၊ ထွေပြားစွန်းငြိ၊
ပညာရှိတို့၊ ဘေးတိပြစ်တင်၊ ရောက်မည်ထင်မူ၊ ဆံမျှင်လေသံ့၊ မပျံ့စသာ၊ ဆိတ်ကွယ်ရာဌ၊
ရှောင်ခွာမအား၊ တွေ့မြင်ငြားလည်း၊ လူသားစားတတ်၊ ဘီလူးမှတ်၍၊ မညွတ်စေရ၊ စိတ်လောဘ
ကို။ ။ နိစ္စမြဲနေ-ဖျဉ်နိုင်စေ။

ဟိရိသြတ္တပ်၊ စောင့်ကြပ်မကင်း၊ လူ့ခပင်းအား၊ သတင်းညာကြေ၊ ကြားလေသဖြင့်၊ သင့်
မသင့်ဟု၊ မတင့်မတယ်၊ ရှက်ကြောက်ဖွယ်တည့်၊ ငြိတွယ်ပြစ်တင်၊ ဆိုလိမ့်ထင်မူ၊ ပည်းဖြင်
တွက်ရေ၊ အထွေထွေလျှင်၊ ရွှေငွေအတိ၊ တောင်ရှိဟူလောက်၊ ရေ့ဝယ်ရောက်လည်း၊ ညှိဟောက်
ချွဲခန်း၊ မှတ်ထင်းပန်း*၍။ ။ တပ်စွန်းမဲ့ထွေ- ကြဉ်နိုင်စေ။

မဏိဇောတ၊ ပြည်တန်မြနှင့်၊ သိင်္ဂရွှေညာ၊ ရတနာတိ၊ အဝါလျှံတက်၊ ရောင်ခြည်ထွက်မူ၊
စုံမက်ဝှဲချီး၊ အဖိုးကြီး၏၊ တစ်သီးဆိုဖွယ်၊ လူတို့ဝယ်လည်း၊ ကြီးငယ်အမျက်၊ စောင်မာန်တက်မူ၊
ပေါင်းဖက်ဖော်နှီး၊ အများငြီး၏၊ နည်းမှီးလက်သုံး၊ ဤကျင့်ထုံးဖြင့်၊ ယူကျုံးပိုက်သွင်း၊
သားမောင်မင်းလည်း၊ မုန်ပြင်းဒေါသ၊ စိတ်နာဂကို။ ။ ဉာဏချွန်းကွင်း-မြဲစေမင်း။

ရှေးကမကျွမ်း၊ သူစိမ်းရွှမ်းကို၊ စူးစမ်းစာနာ၊ လိမ္မာနားဝင်၊ အကောင်းထင်၍၊ ဆင်ခြင်မရှိ၊
သတိလွတ်ထွေ၊ ပြောမိလေသား၊ မချေသူ့နား၊ ကွယ်စကားကို၊ အများကြားအောင်၊
ပြည်သည့်ယောင်သို့၊ ပွဲဘောင်ဆိုတုံ့၊ တစ်ဖန်လှုံ့မူ၊ နှုတ်တုံ့မလှဲ၊ မျက်နှာလွှဲ၍၊ ဝမ်းထဲထွေငေါ်၊
မမြွက်သော်လည်း၊ သည်တော်တစ်မူ၊ အပြစ်ဟူ၍။ ။ မှတ်ယူစိတ်သွင်း-မိစေမင်း။

ရှင်မဟာရဋ္ဌသာရ

ပျို့

---

* ထင်းပန်း (ပေါ်) = အတူ၊ အတူတူဟုပင် မှတ်ထင်၍။

## ၃။ ရွှေရုပ်သွင်

ဌာနတည်၍၊ ရွှေပြည်ကဲ့သို့၊ ရခိုင်မြို့ကို၊ ဆန်းတို့ပေစွ၊ မြော်ပါရသား၊ သိင်္ဂရောင်ရွှန်း၊ ရွှေပုံသွန်းသို့၊ လန်းလန်းလက်လက်၊ လိုက်ဖက်တင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလွ၊ ထုံးနောက်စနှင့်၊ ချုပ်ညရိတွင်၊ ဖြုတ်ခြည်းမြင်သည်။ ။ ရှင်သာရခိုင် တန်ဆောင်လော။

သာလှစည်၍၊ ရွှေပြည်ရုပ်သူ၊ ထိုမျှလူဝယ်၊ ပြိုင်သူမထင်၊ သည်သခင်မူ၊ ရုပ်သွင်ပျိုချော၊ တင့်မောပေစွ၊ သဘောတည်ကြည်၊ မျိုးမြတ်မည်နှင့်၊ ရွှေရည်ရုပ်တု၊ ပုံသွင်းပြုသို့၊ ပျိုနုလတ်လတ်၊ ဝင်းရှိန်းမတ်မူ၊ သွယ်ပတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်၊ တင့်နေစလှ၊ ဆည်းရိညဝယ်၊ လွလွဖြူစင်၊ ပေါ်ရုံတင်၍၊ ထမ်းစင်ယာဉ်သာ၊ စီးစကာတည့်၊ သူဇာပေပင်၊ ရှင့်ဆင်းပြင်မူ၊ မြင်လျှင်လွန်ကြူး၊ အံ့မိန်းမူးသည်။ ။ သောက်ရှူးသော်တာ အရောင်လော။

ဝါလလည်၍၊ ရွှေပြည်ရောက်စ၊ ရှေးသော့ကမူ၊ မမှုဆင်းပြင်၊ သည်သခင်ကို၊ မြင်လျှင်လွန်ကြူး၊ သောက်ရှူးသော်တာ၊ လအဝါသို့၊ ပြင်လျာဆုံ့ဆည်း၊ ရွှေဖျင်ပည်းဝယ်၊ စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့၊ သည်လျာမချွတ်၊ နောင်မင်းမှတ်သည်။ ။ မိုးနတ်သူဇာ အရောင်လော။

ရှင်တေဇောသာရ

ရတု

## ၄။ နှမလေး ဝေးကမျှော်

တညိုးငယ်မှရော်ရော်၊ နှမလေးဝေးကမျှော်သည်၊ ငယ်ဖော်ပေါင်းငဲ့၊ လည်ညောင်းငဲ့။ တညိုးငယ်မှခွေခွေ၊ အလွမ်းရှိန်နှင့်၊ မယ်အိမ်နေသည်၊ ညောင်ရေလောင်းငဲ့၊ ဆုတောင်းငဲ့။ နံနက်ရောက်လွယ်စေချင်၊ ကိုယ်တိုင်သွားလို့၊ ဘုရားတင်သည်၊ သဇင်ပန်းနှင့်၊ ရေချမ်းနှင့်။ နံနက်တိုင်လည်း၊ နံနက်တခြား၊ မောင်စစ်သည်ငယ်၊ ရောက်မယ်လားရှင့်။ ညနေတိုင်လည်း၊ ညနေတစောင်း၊ မောင်စစ်သည်ငယ်၊ ရောက်လွယ်ကောင်းငဲ့။ တပေါင်းငယ်မှတဖော်၊ အောင်ပွဲခံလို့၊ ပြန်ချိန်တော်ကို၊ မယ်မျှော်လိုက်ကဲ့၊ ဗိုလ်ပေါင်းငယ်မှ ဝန်းရံ၊ ရဲမက်ပုံမှာ၊ စိတ်ကုန်အောင် မယ်ချစ်တဲ့၊ မောင်စစ်သည်လေး။

အမည်မသိ

အိုင်ချင်း

# ၅။ ဩဝါဒထူး

ဘာသာစရိုက်၊ ကိုယ့်စိတ်ကြိုက်သို့၊ လိုလိုက်စေရာ၊ ဆယ့်သုံးဖြာကား၊ မေတ္တာနှံ့မွန်း၊ ဆွေခင်ပွန်းကို၊ ဖြောင့်တန်းတည့်မတ်၊ နှလုံးမြတ်က၊ ဆွတ်လွတ်ကြင်နာ၊ ကိုယ့်လိုပါ၏။ မိစ္ဆာပျက်ပြယ်၊ ရန်သူဝယ်ကား၊. ဥပါယ်တံမျဉ်၊ သင့်ရာယှဉ်က၊ စိတ်ယဉ်သာယာ၊ ကိုယ့်လိုပါ၏။ ဥစ္စာဖြိုးထူ၊ လိုသသူကို၊ ကြည်ဖြူမြတ်လေး၊ ဝေငှပေးက၊ မနှေးလွယ်ကာ၊ ကိုယ့်လိုပါ၏။ အာဏာပြင်းပြ၊ ပိုင်စိုးရမှု၊ ကိစ္စဥဿုံ၊ မှုခင်းကုံအောင်၊ စေ့စုံကျယ်နှံ့၊ လုပ်ဆောင်ဝံ့က၊ နူးညံ့ချိုသာ၊ ကိုယ့်လိုပါ၏။ မြတ်ရာပုဏ္ဏား၊ ရဟန်းအားမူ၊ ပြစ်မှားမရှိ၊ ရိုသေဘိက၊ ဖြန့်ချိမေတ္တာ၊ ကိုယ့်လိုပါ၏။ ဆရာကိုကား၊ ဝတ်ငါးပါးဖြင့်၊ ကြိမ်များဖန်လဲ၊ ရှိညွှတ်မြဲက၊ ပယ်လွဲမခွာ၊ ကိုယ့်လိုပါ၏။ မေတ္တာရှုန်းစို၊ မယားကိုမူ၊ စိတ်လိုအသင့်၊ ချစ်ပန်းပွင့်က၊ နွဲ့ဖင့်မကြာ၊ ကိုယ့်လိုပါ၏။ မိစ္ဆာလွှမ်းကား၊ သူမိုက်အားမူ၊ စကားသာကြည်၊ အလည်အဝိုက်၊ အလိုလိုက်က၊ စိတ်ကြိုက်ရာရာ၊ ကိုယ့်လိုပါ၏။ ပညာရှိများ၊ သူမြတ်အားမူ၊ ခစားမြတ်လေး၊ ပညာပေးက၊ အရေးလျင်စွာ၊ ကိုယ့်လိုပါ၏။ ရသာလိုမူ၊ စားကြူးသူကို၊ ယူ၍ကျွေးမွေး၊ စားဖွယ်ပေးက၊ မနှေးလွယ်စွာ၊ ကိုယ့်လိုပါ၏။ ဝါစာဖရည်၊ ကြမ်းကြုတ်ခက်ထန်၊ မျက်မာန်ဖြိုးထု၊ ကြီးသသူကို၊ ငြူစူမဆို၊ အလိုလိုက်မှု၊ ချီးမွမ်းပြုက၊ ရုံးစုညီညာ၊ ကိုယ့်လိုပါ၏။ ဆွေညာမျိုးပြား၊ သူတို့အားမူ၊ စီးပွားဝေငှ၊ နှုတ်လက်မ၍၊ လုံ့လကြီးထု၊ ကျေးဇူးပြုက၊ လှူလှူမကြာ၊ ကိုယ့်လိုပါ၏။ လေးဖြာမျိုးပြား၊ သူတို့အားမူ၊ ကြီးစားနေ့ရေ၊ မေတ္တာဝေက၊ အုပ်ထွေပုံရာ၊ ကိုယ့်လိုပါသည်။ ။ မှာစာဤနှင့် ညီအောင်ကျင့်။

**ပျို့။** **စိန္တကျော်သူ ဦးဩ**

## ၆။ နှင်းစီတဲ့ဆောင်း

ဆောင်းတွင်းငယ်မှ ပီပီ၊ ပေါက်လဲငုံကင်း၊ ထန်းယဉ်နင်းသည်၊ နှင်းစိစိငယ်နှင့်လေး။

ရာသီငယ်မှမှိုင်းမို့၊ ဆိုင်းဆိုင်းညို့လို့၊ တပို့တွဲဆို၊ တမာလည်းနု၊ ကျေးလည်းဥလို့၊ ရှုတိုင်းငယ်စိုသည်၊ မြင်းမိုရ်တောင်ထိပ်က၊ လွမ်းရိပ်ကိုခင်း။

မြစ်တွင်းငယ်မှ သာယာ၊ ရေငွေ့ခြောင်းခြောင်း၊ နှင်းနှင့်လောင်းလို့၊ နှာမောင်းငယ်မှ ညွှန့်ရှည်၊ ပင်တိုင်းငယ် စည်ကြတဲ့၊ သည်အခါကို၊ သဲသာသောင်ကျယ်ကျယ်နှင့်၊ ရှုဖွယ်ရာပွဲ။

စက်ဖော်ငယ်မစုံ၊ ချမ်းလွန်းလို့ တုန်ခဲ့ပြီ၊ ကုံရာသီ ဆောင်းလက်တဲ့၊ ဆက်ရက်ညံ့ညံ့နှင့်၊ လက်ပံငယ်ရွှေတုံးက၊ တောလုံးရဲလေ။

ဦးယာ

အဲချင်း

## ၇။ မိန့်တော်စ

လျောင်းကာငယ်မှလှုံးလာ၊ စံပယ်တလဲ၊ ကြက်ရုန်းငယ်ကြဲသည်၊ ဖဲစက်ရာမှတည့်လေ။ ။

ကေသာငယ်မှ လျော့လျှည်း၊ ပန်းရထည်းကို၊ လူးလဲငယ်မှ မရှင်၊ ရွှေပွင့်ပြောက်ဖော်၊ ခေါင်းပေါင်းတော်ကို၊ ကိုယ်စားတော်ပ၊ မယ့်ရင်ဝမှာ၊ ရှုကာတင်ပြီးလျှင်၊ ယခင်ရှေးက၊ ရွှေတောင်နားလျှင်၊ ရွှေကျေးပင်သာ၊ မှတ်ထင်ပါမည်၊ ချစ်မှုနည်းနှင့်၊ သာကြည်မြွက်ခဲ့သည့်၊ မိန့်တော်စကို၊ ကျွန်မစေ့ရေ၊ ဘပျောင်းခွေ့ခွေ့၊ သလွန်မွေ့မှာ၊ အောက်မေ့လို့နေခိုက်ကို၊ မှိုင်းဝေ့မော်ကမို၊ မိုးရေလေမှောင့်၊ နောက်မြောက်ထောင့်က၊ တိမ်တောင့်အထဲ၊ ပြာပြာဖိလို့ စိတ်ရှိညှိသည်၊ အလို– ထိပ်တင်ကပဲစေသလား။

ကြင်နာတုငယ်နှင့်၊ စိမ်းမှုကိုကျင့်တတ်သည်၊ သည်သခင့်ထုံးစံကို၊ လိုက်လံကာ နည်းမခိုးပါနဲ့၊ ရွှေမိုးဖျော့လေ။ ။

ဦးယာ

အဲချင်း

## ၈။ လတန်ခူး

ဩော်– ဆွေမစုံဖက်၊ ဖြေပုံခက်အောင်၊ မကန်းကွက်ချွန်၊ တိမ်ရွက်ကွန်လဲ၊ လက်ပုစွန်ရိုး၊ ရွာစကျွန်ငယ်၊ သံဝှန်ဖြိုးမှျ၊ မြူခိုးငယ်မှောင်ခြွေ၊ ထောင်ရောင်နေလဲ၊ မချွေလမ်းကွန့်၊ ပြင်ခန်းစွန့်မို့၊ ကိုက်ညွှန့်ငယ်ဖူးစီ၊ ဂေါ်ငွေခိုင်ဝတ်၊ လေယိုင်ညွတ်သည်၊ ဖက်ဆွတ်ချိုနှင့်၊ ယဉ်သိတာပျို့၊ သောင်ကမ်းစို့မှာ၊ နှစ်ကိုယ့်တစ်ကိုယ်၊ ဟသ်ာသောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းဆိုသည်၊ မ ဖို တောင်ဖြန့်ဝဲတော့တယ်။ ။ ဒွါဒရာလက်၊ ဆယ့်နှစ်ကွက်တွင်၊ ဂုဏ်အနဋ္ဌ၊ ချိန်ရှိုင်းစက်လဲ ဖက်မမျှာဘူး၊ စိတ္တရခါ၊ ကြယ်ထွန်းပတဲ့၊ လအတာမှာ၊ အသာခေါင်ခန့်ကဲတော့တယ်။ ။ ကြေကွဲလွမ်းရန်၊ ကြင့်နမ်းမွှေ့တဲ့၊ သန်းရွှေ့မှန်တို့၊ ဘယ်ဘဏ်ကြွဲခိုင်၊ တဲ့စားနိုင်လိမ့်။

ဖြေမနိုင် ရေဆိုင်ဝဲသို့၊ မှိုင်ပွဲတဲ့သစ်စေ။ ။ မုတ်ကွန်းဆောင်ပျံနှင့်၊ ခြသေ့်ခံမှန်ပြတင်းမှာမှ၊ သွင်းတဲ့လေပြေ။ ။ မျိုလို့သာခဲရတယ်၊ သဲနောက်ကျူဗျာပွေ၊ ကြေကြွေဖွယ်ဘနန်း။ ။ နှင်းသတ်အထုံ၊ ဝရတ်ကာယ်သဥ္ဇာဘုံက၊ ထည်ကောင်ျ ခြုံရုံထွေးသော်လဲ၊ မလုံမစုံသေးသူတို့၊ ဆွေးဖို့စတမ်း။ ။

ညည်းချင်း — ဦးကြင်ဥ

## ၉။ ဗုံကြီးသည်

မောင့်ဗုံသံ အစာကောင်းလို့၊ မောင်းသံလိုဟီ၊ ချစ်ကြိုးသိတဲ့ ပင်ကိုလှရယ်၊ မင်းကြွခဲ့အုံး၊ ဗုံပွဲကိုတဲ့ ရှုမယ်လာ၊ ကိုက်ဗျာဆံရှည်ပါလှတယ်၊ သားများမေလား။ သားများမအေ၊ တကယ်လေ ဗုံတော်သား၊ ရဲပါ့မလား။ ဗုံပွဲကိုတဲ့ရှုလှည့်ပါ၊ ပြတင်းရယ် လေသာပေါက်က၊ မေးထောက်လို့မှာ။ မယ်မလာ၊ လိပ်ပြာကိုစေတဲ့လားကွယ်၊ ဘုန်းမယ့်ကိုယ်စား။ ချစ်ပါတဲ့ကြိုက်ပါ။ လူပျိုတွေ လယ်ကန်သင်းက၊ ပျင်း နေ့တိုင်းလာ။ မချစ်သာလို့ နေပါသေးတယ်၊ မကြိုက်သာလို့ နေပါသေးတယ်၊ နှမလေးကိုယ်မအား၊ ရဲစားနှင့်လေး။ ။ ရွှေနားတောင်းကိုလ၊ ဗုံခေါင်းလောက်ဝတ်စေ့မယ်၊ ဗုံကြီးသယ် လိမ်လည်လှည့်၊ နားချဲ့မိတယ်။ မေးပါနဲ့ဟယ်၊ ရွှေကိုကွယ် မဆိုထားနှင့်၊ ငွေကိုကွယ် မဆိုထားနှင့်၊ သူ့နားမှာ ရွှေပေရွက်ကို၊ ပေးရက်ကဲ့လား။ ။ လုပ်ရတယ်တဲ့ ကိုင်ရတယ်၊ မောင်ကြီးထွန်ကို ဖြုတ်လျှင်၊ ပျိုးနှုတ်ရတယ်။ လုပ်ငန်းရယ်တဲ့ မတွင်သာ။ နွားပြာပိန် ချိုလိန်ကော့က၊ အာ်းပျော့လို့ဗျာ၊ ထမင်းကညဲ့လိုက်တာ၊ မသေရုံ ချဉ်ပေါင်ဟင်း၊ တင်းမျိုရရှာ။ ။ ထွာနံငယ် ခမောက်စုတ်နှင့်၊ လူလုပ်ကယ်တဲ့ ညံ့လိုက်တာ၊ ဆိုးတဲ့ကံဟာ။ မိုးမရွာမြေသာကွဲလို့။ ခနွဲနဲ့ရေကိုတင်၊ ပန်းတဲ့ဖြစ်အင်၊ ကောက်တိနှင့်မယ်စောကို ရောနှောလို့ပျိုးထောင်၊ သည်ပျိုးကို ရေအောင်မှ၊ မယ်နှင့်မောင် အလှူပေးရမယ်၊ မိုးကူပါ့လေး။

ဗုံကြီးသံ — လယ်ဝန်ဦးစီ

## ၁၀။ တောင်ပူစာပျော်မငြိး

ခက်ရင်းလက်စောင် မြှောင်ဓားမနှင့်၊ ခဲစရဲစမဲညစ်ထူ။ ။ ရွာမြေပိုင်သကျွန်းတိုက်ခါ၊ ပျဉ်းအင်သစ်ရာပင်နှံပဲနှင့်၊ ဝါးရဲဝါးရုံ ချုံအရှုပ်ကို၊ ရှင်းခုတ်တဲ့သူ၊ နေပူမိုးစွတ်၊ ဆောင်းမချွတ် အထွတ်မဖက်၊ ထန်းဖူးရွက်၊ ပုန်းပက္ကလာဆောင်းတော်မူ၊ ဆူးလွတ်နေပူလွှာဖိနပ်နှင့်၊ သစ်ကျပ် ဆိုးတဲ့ မဲမုတ်ဆံ၊ တင်လန်ရင်လန်ထိအောင် ကျိုက်လို့၊ ချစ်ရင်လိုက်ခဲ့မပစာ၊ နဘူးချုံသာလှတယ်၊ တောင်ပူစာပျော်မငြိးတယ်၊ ကုန်းမြေပေါ်ကျတ်တီး။ ။ နွားဝါချိုစောက်နှင့်၊ ခလောက်ကယ် တုံတင်၊ ကွင်းလွင်ကထီးထီး။ ။ တောပြည့်စင်ပေါင်ပဲ့နှင့်၊ ပင်သိန်းနွဲ့ဆူးချုံမှာ၊ ကင်းပုံညိုချိုပြားငယ်၊ များလှသီးသီး။ ။ ဇမ္ဗူပေါ် သေချင်ရင်မော်ကြဟဲ့၊ တော်တော်သံဓားမ၊ သွေးလက်စမသိမ်း။ ။ ငယ်စဉ်အခါက ချမ်းသာငြိမ်းနှင့် သစ္စာထိန်းတဲ့တိုင်းနေရာ။ ခုချိန်ကို သာလှတယ်၊ ထန်းရွက်ကာ ခေါင်စိုက်တယ်၊ လွမ်းလိုက်ကဲ့ တစ်ကြိမ်း။ ။

ဒုံးချင်း

လူဦးမင်း

## ၁၁။ နွားဆယ်ခြံရှင်

တို့ယာလယ် ပျော်ဖွယ်ပေါတယ်၊ ပန်းစုံတောနှင့် တကြိုင်ကြိုင်။ ချောင်းရေပြေးလို့ ငြိမ်း အေးသာ၊ ကင်းပုံ ကျီးအာ ဂုံညိုရွှန်းလို့၊ ကန်စွန်းရေပေါ် ကြာကတောက်ကယ်၊ ဖြိုးမောက်လို့မြိုင်။ နယ်ကြီးပတ်ကုန်းအုံမဆုံး၊ ရွှေဂမုန်းနံ့တောလုံးလှိုင်၊ ငှက်ကျေးသံပြိုင် ဟစ်အော်ကြွေးလို့၊ ငြိမ့်အေး ယုယလှသို့ပျော်၊ လှို့ဆော်ချစ်ကြင် မိုးကကင်းကင်း။ ပိုက်ခင်းစည်းဝိုက်၊ ရွှေယုန်လိုက်၊ ပုစွန် ဖားရိုက် ပုတတ်ထောင်၊ ချိုးနှင့်ခါကောင် တို့မရှားဘူး၊ စားချင်သုံးရ ပေါလှတယ်ကို၊ ဝင်းပြာ လဲ့ညိုငယ်လေ၊ အိုငြင်းနှင့်ဆင်းသိင်္ဂါ။ လိုက်ပါနော် သက်ကုန်နှင်း၊ နွေခင်းရာသီကြုံ၊ လေညင်း တသုန်သုန်၊ ငုံပန်းက လန်းဝေဆာ၊ ရွှေလင်းပြာ ဖိုးခေါင်ကျူ၊ ဘုတ်ဝါမြူးလို့ အောက်ချင်းခြွေ၊ တောကြီးရိပ်မြိုင်ဖွေ။ တဲသာတဲ့မြေ၊ အလွမ်းပြေ့ယဉ်မကိုင့်ကဲ့၊ မင်းလိုက်ခဲ့အဆော။ ပြောင်းရောဆန့်ပါ။ တစ်ထောင့်ထွာ ကျီတွင်းမှာ၊ မွှေးကြိုင်နံ့သင်းသင်း။ ဟင်းရမ့်ဂုံညို၊ မှိုနားတို ကင်းပုံလှောက်ပါလို့၊ မြိန်လောက်အောင် မောင်ဆင်ပါ့မယ်၊ လယ်ပြင်မှာ ယုန်ချိုသားကို၊ စားပါလှည့်ဗုန်းပေါ။ နွားဆယ်ခြံ့ရှင်၊ မကြင်လျှင် နေနိုင်ရိုးလား၊ ရွှေရင်ဝယ် ဗလောင်ထိုးအောင် တိုးဆယ်ဆချစ်ဇော။

ဒုံးချင်း

အမည်မသိ